ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မဲရုံမှူး၊ ဒုတိယမဲရုံမှူး နှင့် မဲရုံအဖွဲ့ဝင်
# လုပ်ငန်းလမ်းညွှန်

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့အထိ ပြင်ဆင်ထားသည့် လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများနှင့်အညီ ပြင်ဆင်ရေးသား၍ ပြန်လည်ပုံနှိပ်သည်။

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်။

# မဲရုံမှူး၊ ဒုတိယမဲရုံမှူး နှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်းလမ်းညွှန်

## နိဒါန်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိက တာဝန်မှာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးရန် ဖြစ်သည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများဖြစ်စေရန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ရသည်။

၂။ ယင်းသို့ လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်ရန် မူပိုင်းဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများကို လည်းကောင်း၊ လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် လုပ်ကိုင်ရာ၌ လိုက်နာကျင့်သုံးရမည့် နည်းဥပဒေများကိုလည်းကောင်း ပြဋ္ဌာန်းသတ်မှတ်ထုတ်ပြန်ထားသည်။

၃။ ရွေးကောက်ပွဲများ ကျင်းပသည့်အခါတွင် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်ရမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ ဆန္ဒမဲလက်မှတ်ထုတ်ပေးသူနှင့်မဲရုံလုံခြုံရေးအစရှိသည့် မဲရုံအဖွဲ့ဝင်များက တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ရှင်းလင်းပြတ်သားစွာ သိရှိနားလည်ဆောင်ရွက်နိုင်ကြစေရန် ကော်မရှင်သည် ဤလုပ်ငန်းလမ်းညွှန်ကိုထုတ်ပြန်လိုက်သည်။

## မဲရုံနှင့် မဲရုံအဖွဲ့ဝင်များ

၄။ ရွေးကောက်ပွဲများကျင်းပသောနေ့တွင် မဲဆန္ဒရှင်များ(မသန်စွမ်းသူများအပါအဝင်)သည် မဲရုံသို့ လာရောက်၍ မိမိတို့ကြိုက်နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲလက်မှတ်ဖြင့် မဲပေးကြမည်ဖြစ်သည်။ သာမန်အားဖြင့် မဲရုံ တစ်ရုံတွင် လွှတ်တော်အသီးသီးအတွက် ဆန္ဒမဲပေးခန်း တစ်ခန်းပါရှိမည်ဖြစ်သည်။ သို့ရာတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန်ရှိပါက မဲရုံကို မူလဆန္ဒမဲပေးခန်းအပြင် နောက်ထပ် ဆန္ဒမဲပေးခန်း တစ်ခန်း သို့မဟုတ် တစ်ခန်းထက်ပိုမို၍ တိုးချဲ့ဆောက်လုပ်ထားမည်ဖြစ်သည်။ သို့ဖြစ်၍ ထိုတိုးချဲ့ဆောက်လုပ်ရသော ဆန္ဒမဲပေးခန်းများတွင် တာဝန်ယူဆောင်ရွက်ရမည့် မဲရုံအဖွဲ့ဝင်များကိုလည်း လိုအပ်သလို တိုးချဲ့ဖွဲ့စည်းပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေအပေါ် မူတည်ပြီး နောက်ဆက်တွဲ (က) ပါ သတ်မှတ်ပုံစံများအတိုင်း ဆန္ဒမဲ ပေးခန်းများကိုခင်းကျင်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်သည်။

## မဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ မဲရုံမှူးသည် -

(က) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများ မကျင်းပမီ အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ထားရမည် -

(၁) သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ တာဝန်ပေးအပ်လွှာကို ရယူထားရန်၊

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ လမ်းညွှန်မှုကို ခံယူထားရန်၊

(၃) မဲပုံး၊ မဲစာရင်း၊ ဆန္ဒပြုမည့်တံဆိပ်တုံးများ၊ ဆန္ဒမဲလက်မှတ်နှင့်မဲရုံမှူးက ရေးသားပြုစုရမည့် သတ်မှတ်ပုံစံများ၊ အခြားပစ္စည်းများ ရရှိရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် ညှိနှိုင်း ရယူထားရန်။

( ခ ) မဲရုံမဖွင့်မီအောက်ပါအတိုင်း ကြိုတင်ဆောင်ရွက်ထားရမည် -

(၁) မဲရုံမှူးရှေ့မှောက်၌ မဲရုံကိုယ်စားလှယ် နှင့် အကူကိုယ်စားလှယ်တို့က ပုံစံ (၈) တွင် လက်မှတ်ရေးထိုးစေရန်နှင့် ယင်းခန့်စာပေါ်တွင် မဲရုံမှူးကိုယ်တိုင် လက်မှတ်ရေးထိုးပြီး သိမ်းဆည်းထားရန်၊

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံမှ လွှတ်တော်အလိုက်ဆန္ဒမဲလက်မှတ်စာအုပ်များကို ပုံစံ (၁၁-ခ) တွင် လက်မှတ်ရေးထိုး၍ ရယူထားရန်၊ ယင်းသို့ ရယူရာတွင်မိမိမဲရုံ၌ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူဦးရေ ၃၀၀ ရှိမည်ဆိုပါက ဆန္ဒမဲ လက်မှတ် ၅၀ စီပါ

ရှိသော ဆန္ဒမဲ လက်မှတ်စာအုပ် ၆ အုပ်ကိုရယူရမည်။ အစွန်းထွက်သောဦးရေအတွက် လက်မှတ်များကို ရယူရာတွင် အစွန်းထွက် ဦးရေ အတိုင်း ဆန္ဒမဲလက်မှတ်များကို ရေတွက်ရယူရန် မဟုတ်ဘဲ စာအုပ်တစ်အုပ်ရယူရန်၊

ဥပမာ။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၀၅ ဦး ရှိလျှင် ဆန္ဒမဲလက်မှတ် ၇ အုပ်၊ ၃၅၅ ဦးရှိလျှင် ဆန္ဒမဲလက်မှတ် ၈ အုပ် ရယူရန်။

(၃) မိမိရယူထားသော ဆန္ဒမဲလက်မှတ် စာအုပ်အမျိုးအစားနှင့် အရေအတွက်တို့ကို မဲရုံအဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် ရေတွက်၍ ပုံစံ (၁၁) ဖြင့် မှတ်တမ်းတင်ထားရန်၊

(၄) မဲပုံး၌ ဆန္ဒမဲလက်မှတ် ဝင်နိုင်ရုံသာ အပေါက်ပြုလုပ်ထားခြင်း ရှိ မရှိ စစ်ဆေးရန်၊

မှတ်ချက်။ အပေါက်ကျဉ်းလွန်းခြင်း၊ ကျယ်လွန်းခြင်းများရှိပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြပြီး ချက်ချင်းပြုပြင်ရန်။

(၅) မဲဆန္ဒရှင်ဆန္ဒပြုမည့် အမှန် ( ✔ ) အမှတ်အသားပါ တံဆိပ်တုံးများ ပြည့်စုံလုံလောက်မှု ရှိ မရှိ စစ်ဆေး၍ ဆန္ဒပြုခန်းရှိသလောက် အပိုဆောင်း၍ တောင်းခံ ရယူထားရန်၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံမှပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တို့အတွက် ပုံစံ(၁)ဖြင့် ပြုစုထားသည့် မဲစာရင်း သုံးစောင်တွဲ တစ်စုံကို လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးကျစီ အတွက် ပုံစံ(၁-က) ဖြင့် ပြုစုထားသည့် မဲစာရင်း တစ်စုံစီကို လည်းကောင်း ရယူထားရန်၊

(၇) မဲရုံဖွင့်ချိန်မတိုင်မီ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက နည်းဥပဒေ ၅၁(ဆ) အရ ကြိုတင်မဲပေးပြီးသူများစာရင်း ပုံစံ (၁၃) လေးစောင်နှင့် ဆန္ဒပြုပြီးသော မဲလက်မှတ်စာအိတ်များ ထည့်ထားသည့် ချိပ်ပိတ်ထားသောမဲပုံးကို မဲလက်ခံ ဖြတ်ပိုင်းများနှင့်အတူ မဲရုံမှူးထံလာရောက်အပ်နှံသောအခါ ပုံစံ (၁၃) များတွင် လက်မှတ်ရေးထိုး၍ ရယူရမည်။ ထို့နောက် ပုံစံ (၁၃) တစ်စောင်ကို မဲရုံတွင်ကပ်ထားကြေညာပြီး နှစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည် ပေးအပ်ရမည်။ ကျန်ပုံစံ (၁၃) တစ်စောင်ကို မိမိ လက်ဝယ်တွင်သိမ်းဆည်းထားရန်၊

(၈) နံနက် (၆) နာရီမတိုင်မီ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲထံမှ လက်ခံရရှိသော ကြိုတင်မဲ ပေးပြီးသူအရေအတွက်နှင့် ကျန်ရှိသော ဆန္ဒမဲ လက်မှတ် အရေအတွက်တို့အား မဲစာရင်းပါ မဲဆန္ဒရှင် ဦးရေနှင့် တိုက်ဆိုင်စစ်ဆေးရန်၊

(၉) ပုံစံ (၁၃) အရ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲ ပေးပြီးသူများ၏အမည်များကို သက်ဆိုင်ရာမဲစာရင်းတွင် ကြိုတင်ဆန္ဒမဲပေးပြီးကြောင်း မှတ်သား ထားရန်၊

(၁၀) လာရောက် ဆန္ဒမဲပေးသော မဲဆန္ဒရှင်များ၏ အခြေအနေကို ချင့်ချိန်၍ ဆန္ဒမဲလက်မှတ်များတွင် မဲရုံမှူးက ကြိုတင်လက်မှတ်ရေးထိုးထားရန်၊

မှတ်ချက်။ မဲရုံမှူးလက်မှတ် မပါ ရှိသော ဆန္ဒမဲ လက်မှတ်သည် ပယ်မဲများအဖြစ် သတ်မှတ် ခြင်းခံရမည်ဖြစ်ပါ၍ ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်တိုင်းတွင် မဲရုံမှူးက လက်မှတ်ရေးထိုးထားရန် အထူးဂရုပြု စေလိုပါသည်။

(၁၁) ဆန္ဒမဲပေးခြင်းမစမီ မဲရုံမှူးသည် မိမိယူလာသော ဆန္ဒမဲလက်မှတ်များကို ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် များ၏ ရှေ့မှောက်တွင် ရေတွက်၍ ပုံစံ (၁၁) ဖြင့် မှတ်တမ်းတင်ထားရန်၊

(၁၂) မိမိနာရီကို မြန်မာစံတော်ချိန်နှင့် အချိန် ညှိထားရန်၊

(၁၃) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံမှ လက်ခံရရှိထားသည့် သက်ဆိုင်ရာ လွှတ်တော် မဲစာရင်းတစ်စုံစီကို သက်ဆိုင်ရာ မဲစာရင်း စစ်ဆေးသူများသို့ နောက်ဆက်တွဲ ပုံစံ(ခ) ဖြင့် ပေးအပ်ရန်၊

(၁၄) ဆန္ဒမဲလက်မှတ်ထုတ်ပေးမည့်သူများအား သက်ဆိုင်ရာ လွှတ်တော်အတွက်ပေးရမည့် ဆန္ဒမဲလက်မှတ် စာအုပ်များကို နောက်ဆက်တွဲပုံစံ(ဂ)ဖြင့်ထုတ်ပေးရန်၊

(၁၅) မဲပုံးအလွတ်များကို မဲရုံအဖွဲ့ဝင်များ၊ မဲရုံ ကိုယ်စားလှယ်များနှင့် မဲရုံရှိ အသိသက်သေများကို ပြသပြီး၊ မဲပုံးအားသတ်မှတ် ညွှန်ကြားထားသည့် အတိုင်း လုံခြုံစွာပိတ်၍ မဲရုံအတွင်းမိမိမြင်နိုင်သော နေရာတွင်ထားရှိရန်၊

(၁၆) နံနက် ၆ နာရီတိတိတွင် မဲရုံစတင် ဖွင့်လှစ်ကြောင်း ကြေညာရန်၊

(၁၇) မဲရုံ၌ငြိမ်ဝပ်ပိပြားမှုရှိစေရန်လည်းကောင်း၊ ရွေးကောက်ပွဲကို တရားမျှတစွာ ဖြစ်စေရန်လည်းကောင်း၊ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများအား မဲရုံအတွင်းသို့ စည်းကမ်းတကျ ဝင်ခွင့်ပေးရန် လည်းကောင်း စီမံ ဆောင်ရွက်ရန်၊

(၁၈) မဲရုံ၌ လာရောက်ဆန္ဒမဲပေးသူသည် ကျန်းမာသန်စွမ်းခြင်း မရှိသောကြောင့် မိမိဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ထည့်နိုင်စွမ်းမရှိလျှင် ကူညီဆောင်ရွက်ပေးနိုင်ရေးကြိုတင်စီစဉ်ထားရန်၊

(၁၉) မဲရုံလုံခြုံမှုအတွက် မဲရုံပတ်ဝန်းကျင်ကို လိုအပ်သလို ကြည့်ရှုစစ်ဆေးရန်။

(ဂ) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံဖွင့်လှစ် ထားစဉ် အောက်ပါတို့ကို ဆောင်ရွက်ရန် ဖြစ်သည်-

(၁) ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးသည် လည်းကောင်း၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးသည် လည်းကောင်း ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိသက်ဆိုင်သည့် မဲရုံသို့ အချိန်မီပြန်လည်ရောက်ရှိလာပြီး သက်ဆိုင်ရာ ဌာနအကြီးအမှူး သို့မဟုတ် တပ်မှူး သို့မဟုတ် သံရုံးအကြီးအမှူး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံး အကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအမှူးထံမှ ကြိုတင်ဆန္ဒမဲ မပေးရသေးကြောင်း သက်သေခံ လက်မှတ်ကိုတင်ပြနိုင်လျှင် သက်ဆိုင်ရာမဲရုံမှူးသည် ယင်းပုဂ္ဂိုလ်အား ထိုမဲရုံတွင် ဆန္ဒမဲပေး ခွင့်ပြုရန်၊

(၂) ဆန္ဒမဲပေးသူသည် ဆန္ဒမဲလက်မှတ်ရှိ အမည်များကို မဖတ်တတ်လျှင် လည်းကောင်း၊ ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင် လည်းကောင်း သက်ဆိုင်ရာ မဲစာရင်း၌ ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦးသည် သတ်မှတ်ထားသည့်နေရာတွင် ဆန္ဒမဲပေးသူက ညွှန်ကြားသည့်အတိုင်း ဆန္ဒမဲလက်မှတ်၌ ရေးသွင်းစေရန်၊

(၃) ယင်းပုဂ္ဂိုလ်များမရှိခဲ့လျှင် မဲရုံမှူးသည် ယင်းပုဂ္ဂိုလ်များကိုယ်စားဆောင်ရွက်ပေးရန်၊ ထို့နောက် ဆန္ဒမဲပေးသူအား ဆန္ဒမဲလက်မှတ်ကိုခေါက်၍ မဲပုံးထဲသို့ ကိုယ်တိုင်ထည့်စေရန်၊

(၄) ဆန္ဒမဲပေးသူသည် မသန်စွမ်းသူဖြစ်လျှင် သက်ဆိုင်ရာ မဲစာရင်း၌ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက် ရွေးချယ်သော သူတစ်ဦး၏အကူအညီဖြင့် ဆန္ဒမဲ ပေးခြင်းကိုလည်း ခွင့်ပြုရန်၊

(၅) မဲပေးပြီးသူတိုင်းကို နောက်တစ်ကြိမ် ဆန္ဒမဲပေးနိုင်ခြင်း မရှိစေရန်အတွက် သတ်မှတ်ညွှန်ကြားသည့်

အတိုင်း မင်တို့၍ အမှတ်အသားပြုနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၆) မဲရုံအဖွဲ့ဝင်များသို့ ဆန္ဒမဲလက်မှတ် ထုတ်ပေးခြင်း၊ မဲရုံဖွင့်သည့်အချိန်၊ ပိတ်သည့်အချိန်နှင့် အခြားမှတ်တမ်းတင်သင့်သော ဖြစ်ရပ်များကို ဖြစ်စဉ်မှတ်တမ်း နောက်ဆက်တွဲပုံစံ (ဃ) တွင် ရေးသွင်းထားရန်၊

(၇) ဆန္ဒမဲပေးရန် သတ်မှတ်ထားသော နေ့ရက်၌ မဲရုံတွင် သဘာဝဘေးအန္တရာယ်ကြောင့် လည်းကောင်း၊ လုံခြုံရေး အခြေအနေအရလည်းကောင်း မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်းမပြုနိုင်ပါက မဲရုံမှူးသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းအကြောင်းကြားရန်၊

(၈) ဆန္ဒမဲပေးခိုက်တွင် ရပ်ဆိုင်းရခြင်းဖြစ်လျှင် မဲရုံမှူးသည် မဲပုံးကို မိမိချိပ်တံဆိပ် ရိုက်နှိပ်၍ပိတ်ရမည်။ မဲရုံကိုယ်စားလှယ်များ၏ ချိပ်တံဆိပ် ရိုက်နှိပ်ခြင်းကိုလည်း ခွင့်ပြုရမည်။ ယင်းမဲပုံးကို မဲရုံမှူးသည် မဲရုံတွင် တာဝန်ကျနေသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှင့် မဲရုံ

ကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များ အနက် လိုက်ပါနိုင်သူတို့နှင့်အတူ မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ သယ်ဆောင်ရမည်။ မြို့နယ် ကော်မရှင် အဖွဲ့ခွဲသို့ ရောက်ရှိသည့်အခါ မဲရုံမှူးသည် မြို့နယ် ကော်မရှင်အဖွဲ့ခွဲနှင့် ဆန္ဒမဲရေတွက်သည့် နေရာတွင် ရောက်ရှိနေသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ နှင့်မဲရုံကိုယ်စားလှယ်များ သို့မဟုတ် အကူကိုယ်စားလှယ်များ ရှေ့မှောက်တွင် မဲပုံးကိုဖွင့်၍ ဆန္ဒမဲများ ရေတွက်ရန်၊ ယင်းသို့ ရေတွက်ရရှိသော ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၆) တွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း များဖြစ်လျှင် ပုံစံ (၁၆-က) တွင် လည်းကောင်း ရေးသွင်းပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ် များနှင့် မဲရုံကိုယ်စားလှယ်များ သို့မဟုတ် အကူ ကိုယ်စားလှယ်များကမှန်ကန်ကြောင်းလက်မှတ်ရေးထိုး စေရန်၊ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်ကြောင်း အသိပေးရန်၊ ယင်းပုံစံ (၁၆) နှင့် ပုံစံ (၁၆-က)ကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ပေးအပ်ရန်၊

(၉) ရွေးကောက်ပွဲကျင်းပရာတွင် မဲရုံရှိ မဲပုံး တစ်ခု သို့မဟုတ် အများကို မတရားသည့်နည်းဖြင့် ယူဆောင်သွားခြင်းခံရလျှင် သို့မဟုတ် မတော်တဆ ဖြစ်စေ၊ တမင်ဖြစ်စေ ပြုလုပ်ခြင်းဖြင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်များ ချွတ်ယွင်းပျက်စီး ပျောက်ဆုံးလျှင် မဲရုံမှူးသည် ထိုမဲရုံရှိ သက်ဆိုင်ရာ လွှတ်တော်၏ ဆန္ဒမဲပေးခြင်းကိုရပ်ဆိုင်း၍ သက်ဆိုင်ရာလွှတ်တော်၏ ဆန္ဒမဲပေးခြင်းပျက်ပြယ်သည်ဟု သတ်မှတ်ရမည်။

(၁၀) မဲရုံမှူးသည် ယင်းသို့ ပျက်ပြယ်ကြောင်း သတ်မှတ်ခြင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းအကြောင်းကြားရန်နှင့် ယင်းအဖြစ်အပျက်ကို နောက်ဆက်တွဲ ပုံစံ (ဃ) ဖြစ်စဉ်မှတ်တမ်းတွင် ပြည့်စုံစွာ ရေးသွင်းရန်၊

(၁၁) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ်များကို လာရောက်တောင်းဆိုကြောင်း မဲရုံမှူးက သိရှိလျှင် ထိုအယောင်ဆောင်သူအား ဆန္ဒမဲပေး ခွင့်မပြုရန်၊

(၁၂) မဲရုံမှူးသည် ယင်းသို့ ဆန္ဒမဲပေးခွင့် မရသူနှင့် ပတ်သက်၍ ထိုသူ၏အမည်၊ နေရပ်တို့ကို ရေးမှတ် ပြီးနောက် ဆန္ဒမဲပေးခွင့်မပြုခြင်းအတွက် အကြောင်း

ပြချက်များကို အကျဉ်းချုပ်ရေးသားပြီး ရွေးကောက်ပွဲဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက်ဆောင်ရွက်ရန်၊

(၁၃) ဆန္ဒမဲလက်မှတ်ကို တောင်းဆိုသူသည် သူတစ်ပါးအယောင်ဆောင်သော ပြစ်မှုကိုကျူးလွန်သူဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းက ဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ် ကဖြစ်စေ၊ မဲရုံမှူးကသင့်လျော်သည်ဟု ထင်မြင်သူကဖြစ်စေ ကန့်ကွက်လာလျှင် မဲရုံမှူးသည် ကန့်ကွက်မဲစာရင်း ပုံစံ (၁၄) တွင်လိုအပ်သည်များ ဖြည့်စွက်၍ ထိုဆန္ဒမဲလက်မှတ်တောင်းဆိုသူနှင့် ကန့်ကွက်သူများကို လက်မှတ်ရေးထိုးစေပြီး ဆန္ဒမဲပေးခွင့်ပြုရန်၊

(၁၄) ဆန္ဒမဲလက်မှတ်တောင်းဆိုသူ စာမရေး တတ်လျှင် လက်ဝဲလက်မ လက်ဗွေနှိပ်စေရန်၊ လိုက်နာခြင်း မပြုလျှင် ထိုသူအား ဆန္ဒမဲပေးခွင့်မပြုရန်၊

(၁၅) မဲရုံမှူးသည် အထက်အပိုဒ် ၁၁ ပါ သူတစ်ပါးအယောင်ဆောင်သူအား ဆန္ဒမဲထည့်ခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ထိုအကြောင်းအရာများနှင့် မိမိ၏ ဆုံးဖြတ်ချက်တို့ကို ကန့်ကွက်မဲစာရင်း ပုံစံ (၁၄)တွင် ရေးမှတ်ထားရန်၊

(၁၆) မဲစာရင်း၌ အမည် သို့မဟုတ် နေရပ်နှင့်စပ်လျဉ်းသည့် ဖော်ပြချက်တွင် အနည်းငယ်မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း၊

ချွတ်ချော်ခြင်း ရှိသော်လည်း ထိုဖော်ပြချက်နှင့် သက်ဆိုင်သူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံ၍ ပြောဆိုနိုင်သူရှိလျှင် မဲစာရင်းတွင်ပါရှိသော မှားယွင်းချက်၊ ချို့ငဲ့ချက်၊ ချွတ်ချော်ချက်ကို ပြင်ဆင်ရေးမှတ်၍ ထိုသူကိုဆန္ဒမဲပေးခွင့်ပြုရန်၊ ယင်းသို့ပြင်ဆင်ခွင့်ပြုသည့်အခါတိုင်း မဲရုံမှူးသည် အကျိုးအကြောင်း အကျဉ်းချုပ်ကို ပုံစံ (၁၂) ဖြင့်ရေးသား မှတ်တမ်းတင်ထားရန်၊

(၁၇) ဆန္ဒမဲစတင်ပေးသည့် အချိန်မှ ဆန္ဒမဲပေးခြင်း ပြီးဆုံးသည့်အချိန်အတွင်း မဲရုံထဲသို့ အောက်ပါပုဂ္ဂိုလ်များမှ တစ်ပါး အခြားမည်သူမျှမဝင်စေရ -

(ကက) မဲရုံအဖွဲ့ဝင်များ၊

(ခခ) ဆန္ဒမဲပေးမည့်သူများ၊

(ဂဂ) တာဝန်ကျရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လုံခြုံရေးတာဝန်ပေးအပ်ခံရသူများ၊

(ဃဃ) သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၄၂ အရ ခွင့်ပြုထားသူများ၊

(ငင) ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲဝင်များ၊

(စစ) သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ် များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များ၊

မှတ်ချက်။ မဲရုံများတွင် မဲရုံကိုယ်စားလှယ်နှင့် အကူ ကိုယ်စားလှယ် နှစ်ဦးလုံး မဲရုံအတွင်းသို့ ဝင်ရောက်ပါ က လျှို့ဝှက်မဲပေးစနစ်ကို ထိခိုက်နိုင်လျှင် ၎င်းတို့ နှစ်ဦးအနက် တစ်ဦးစီသာ အလှည့်ကျ ဝင်ရောက်စေရေး စီမံဆောင်ရွက်ရမည်။

(ဆဆ) ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ခွင့်ပြုထားသည့် ရွေးကောက်ပွဲလေ့လာသူများ။

(၁၈) တစ်ဦး တစ်ယောက်သော သူသည် မဲရုံတွင် မဖွယ်မရာသော အမှုကိုပြုလျှင် သို့မဟုတ် မဲရုံမှူးက တာဝန်ဝတ္တရား အရ ညွှန်ကြားခြင်းကို မနာခံလျှင် ယင်းသို့ မဖွယ်မရာပြုသူ သို့မဟုတ် နာခံခြင်း မရှိသူအားမဲရုံမှူး၏အမိန့်ဖြင့် တာဝန်ကျရဲတပ်ဖွဲ့ဝင်

သို့မဟုတ် ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲ၏ လုံခြုံရေးတာဝန် ပေးအပ်ခံရသူ သို့မဟုတ် မဲရုံအဖွဲ့ဝင် တစ်ဦးဦးက ထိုသူအားမဲရုံမှချက်ချင်း ဖယ်ရှားရန်၊

မှတ်ချက်။ ဆန္ဒမဲပေးခွင့်ရှိသူ တစ်ဦးအားဆန္ဒမဲမပေး နိုင်အောင် ဤလုပ်ပိုင်ခွင့်ကိုအသုံးမပြုရ။

(၁၉) ရွေးကောက်ပွဲဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ခုခုကို တစ်ဦး တစ်ယောက်သောသူက ကျူးလွန် ကြောင်း သို့မဟုတ် ကျူးလွန်ဆဲဖြစ် ကြောင်း တွေ့ရှိလျှင် ထိုသူကိုဖမ်းဆီး ရန်အတွက် တာဝန်ကျ ရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြားလုံခြုံရေး တာဝန်ရှိ သူအား ညွှန်ကြားရန်၊

(၂၀) မဲရုံမှူးကလည်းကောင်း၊ ဒုတိယမဲရုံမှူးကလည်းကောင်း၊ မဲရုံအဖွဲ့ဝင် တစ်ဦးဦးကလည်းကောင်း မဲစာရင်းတွင် မိမိတို့သဘောအရ မဲဆန္ဒရှင်အသစ်များ၏ အမည် စာရင်းကိုဖြည့်စွက်ခြင်း မပြုရန်၊

(၂၁) ဆန္ဒမဲပေးပြီးသူများစာရင်းနှင့် လက်ကျန်ဆန္ဒမဲလက်မှတ် အရေအတွက်ကို အခါအားလျော်စွာ စစ်ဆေးရန်၊ ယင်းသို့ စစ်ဆေးကြောင်းကိုလည်း နောက်ဆက်တွဲ ပုံစံ (ဃ) ဖြစ်စဉ်မှတ်တမ်းတွင် ရေးသားရန်၊

(၂၂) မဲရုံကို ညနေ ၄ နာရီတိတိအချိန်တွင် ပိတ်ရမည်။ သို့ရာတွင် မဲရုံမပိတ်မီ မဲရုံမှူးသည် မိမိမဲရုံပရိဝုဏ် အတွင်း၌ ဆန္ဒမဲမပေးရသေးသူ ရှိ မရှိ စုံစမ်း၍ရှိပါက စာရင်းကောက်ယူပြီးလျှင် ထိုသူများအား ဆန္ဒမဲပေးချိန် ကျော်လွန်ပြီးစေကာမူ ဆက်လက်ဆန္ဒမဲပေးခွင့်ပြုရန်၊

မှတ်ချက်။ ရွေးကောက်ပွဲ ကျင်းပသည့် နေ့တွင် မဲဆန္ဒရှင်အချို့သည် ခရီးလွန်ခြင်းရှိမည် ဖြစ်ရာ အဆိုပါမဲဆန္ဒရှင်သည်ခရီးလွန်နေ၍ ဆန္ဒမဲပေးရန် မလာရောက်နိုင်ကြောင်း မည်သည့် ပုဂ္ဂိုလ်ကပင် ထောက်ခံချက် ပေးစေကာမူ မဲရုံမှူးသည် ယင်းမဲဆန္ဒရှင် များကို မဲရုံပိတ်ချိန်ဖြစ်သော ညနေ ၄ နာရီအထိသာ စောင့်ဆိုင်းရမည်ဖြစ်သည်။

(၂၃) မည်သူမဆို ဆန္ဒမဲပေးသည့်နေ့တွင် ဆန္ဒမဲပေးရန် လာရောက်သူများ စိတ်ငြိုငြင်စေရန် သို့မဟုတ် မဲရုံတွင် တာဝန်ကျသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို အနှောင့်အယှက်ဖြစ်စေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှကိုက် ၅၀၀ အတွင်း၌ဖြစ်စေ အသံချဲ့စက် အစ ရှိသော အသံကိုကျယ်အောင် ပြုလုပ်သည့် ကိရိယာ တန်ဆာပလာ သုံးစွဲခြင်း၊ အော်ဟစ်ခြင်း အစရှိသော

စည်းကမ်းမဲ့သည့်အပြုအမူများ တွေ့ရှိပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ အမြန် တင်ပြရန်၊

(၂၄) ညနေ ၄ နာရီမတိုင်မီ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး ဆန္ဒမဲပေးပြီးပါက မဲရုံကိုသတ်မှတ်ထားသည့် အချိန်ထက် စော၍ပိတ်ရန်၊ မဲရုံပိတ်ပါက မဲရုံပိတ်ကြောင်းကြေညာရန်။

(ဃ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ ဖြစ်စေ၊ ညနေ ၄ နာရီ ထိုးပြီး၍ ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဆန္ဒမဲရေတွက်ခြင်းအား အောက်ပါအတိုင်း ဆက်လက် ဆောင်ရွက်ရမည် -

(၁) အသုံးမပြုဘဲ ကျန်နေသော ဆန္ဒမဲလက်မှတ်များကို မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များရှေ့မှောက်၌ ရေတွက်ပြီးနောက် ပုံစံ(၁၆-၁)ဖြင့် သုံးစောင်ပြုစုရမည်။ ယင်းပုံစံများ တွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုး၍ ပုံစံ တစ်စောင်ကိုမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်တစ်စောင်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကို မဲရုံမှူး၏လက်ဝယ်တွင် ထိန်းသိမ်း ထား ရမည်။

(၂) မဲဆန္ဒရှင်များအား ထုတ်ပေးခြင်း မပြုရသေးသော မဲရုံမှူးလက်မှတ် ရေးထိုးထားသည့် ဆန္ဒမဲလက်မှတ် အပိုများ ကျန်ရှိပါက ထိုဆန္ဒမဲ လက်မှတ်များကို ထိပ်မှအောက်ဆုံးအထိ ကြက်ခြေခတ်၍ ပယ်ဖျက်ထားရန်၊

မှတ်ချက်။ မဲရုံမှူး လက်မှတ်ရေးထိုး ထားသော ဆန္ဒမဲလက်မှတ်အများအပြားကျန်ရှိပါက ထိုလက်မှတ်များကို ပယ်ဖျက်ရသည့် တာဝန်ကြီးတစ်ရပ် ပိုလာမည်ဖြစ်သည့် အတွက် မဲဆန္ဒရှင် အများစု ဆန္ဒမဲပေးပြီး သည့်နောက်ပိုင်းတွင် မဲရုံမှူးကချင့်ချိန်၍ လိုအပ်သရွေ့သာ ဆန္ဒမဲလက်မှတ်အပို များတွင် လက်မှတ်ရေးထိုးထားရန်။

(၃) မဲရုံမှူးသည် ဆန္ဒမဲရေတွက်ရာ၌ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၆၅ အရ ဆန္ဒမဲ ရေတွက်ရာနေရာတွင် ရောက်ရှိနေသည့် သက်သေ အနည်းဆုံး ၁၀ ဦး၏အမည်စာရင်းကို ပုံစံ ၁၆ ၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်။

(၄) မဲပုံးများကို ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ် များ၊ အကူကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များ ရှေ့မှောက်တွင် ချိပ်ပိတ်ထားသည့် အခြေအနေအတိုင်း ရှိကြောင်း ပြသ၍ဖွင့်ရန်၊

(၅) ထိုသို့ဖွင့်ပြီးသောအခါ မဲလက်မှတ်များကိုရေတွက်ခြင်း မပြုမီ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးရေအတိုင်း မဲလက်မှတ်ထည့်ရန်ခွက်များ သို့မဟုတ် တောင်းများကိုစီစဉ်ထားရန်၊ ထို့နောက် ဆန္ဒမဲ လက်မှတ် ပျောက်ဆုံးခြင်း ရှိ မရှိ စိစစ်နိုင်ရေး အတွက် မဲပုံးများထဲမှ မဲလက်မှတ်များ ကိုထုတ်ယူ၍ ပထမဦးစွာ ရေတွက်ရန်၊

(၆) ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ်နှင့် မဲပုံးအတွင်းမှ ရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်သည် ကိုက်ညီမှု ရှိ မရှိကို စစ်ဆေးရန်၊ ကိုက်ညီမှု မရှိပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့တင်ပြရန်၊ သို့ရာတွင် ဆန္ဒမဲရေတွက်ခြင်းကိုမူ ဆက်လက် ဆောင်ရွက်ရန်။

(၇) မဲရုံမှူးသည် ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ် အရေအတွက်နှင့် မဲပုံးအတွင်းမှ ရရှိသည့် ဆန္ဒမဲ လက်မှတ်အရေအတွက်တို့သည် ကိုက်ညီမှုရှိ မရှိကို စစ်ဆေးပြီး ပုံစံ (၁၆)နှင့်ပုံစံ (၁၆-က) တွင် ပါရှိသည့် မှတ်ချက်အကွက်တွင် ရေးသွင်းရန်၊

(၈) မဲရုံမှူးသည် နည်းဥပဒေ ၆၅ (က) အရ ဆန္ဒမဲ ရေတွက်ခြင်းကို ကိုယ်တိုင်ဖြစ်စေ၊ ယင်းက တာဝန် ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်ကဖြစ်စေ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ အသိသက်သေများ၊ အများပြည်သူ

များ၊ မဲရုံကိုယ်စားလှယ်များ ရှေ့မှောက်၌ ဆန္ဒပြုပြီး သော ဆန္ဒမဲလက်မှတ်များနှင့် နည်းဥပဒေ ၅၁(ဆ) အရ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲ လက်မှတ် များကို ရေတွက်ရန်၊ ယင်းသို့ ရေတွက်ရာ၌ နည်းဥပဒေ ၅၁ (ဆ) အရ မိမိလက်ခံ ထားရှိသော ကြိုတင်ဆန္ဒမဲပုံးမှ ကြိုတင်ဆန္ဒမဲများကို ဦးစွာ ရေတွက်ရန်၊ ဆန္ဒမဲလက်မှတ်များရေတွက်ခြင်းကို ရွေးကောက်ပွဲလေ့လာ သူများကိုပါ လေ့လာခွင့်ပြုရန်။

(၉) ဆန္ဒမဲလက်မှတ်တစ်ခုချင်းကို စိစစ်၍ ပယ်မဲ မဟုတ်ပါက ဆန္ဒမဲလက်မှတ်ပါ ထောက်ခံထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ထားရှိသော ခွက် သို့မဟုတ် တောင်းထဲ သို့ထည့်ရန်၊

(၁၀) မဲရေတွက်ခြင်း ပြီးဆုံးပါက ခွက် သို့မဟုတ် တောင်း ထဲ၌ရှိသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် လောင်း တစ်ဦးစီရရှိသော ဆန္ဒမဲလက်မှတ်များကို ရေတွက်ရန်၊

(၁၁) ထိုသို့ကိုယ်စားလှယ်လောင်း တစ်ဦးစီ ရရှိထားသော ဆန္ဒမဲလက်မှတ်များကို တစ်ရွက်ချင်းအလိုက်အမှတ်စဉ် ရေးထိုးထားရန်၊

(၁၂) မဲရေတွက်ရာတွင် နည်းဥပဒေ ၅၁ (ဆ) အရ မဲရုံမဖွင့်မီ လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲ လက်မှတ်များ၏ ရလဒ်နှင့် မဲရုံတွင် မဲပေးသည့် ဆန္ဒမဲလက်မှတ်များ၏ ရလဒ်တို့ကို ပေါင်း၍ ပုံစံ (၁၆)၊ ပုံစံ (၁၆-က) တို့တွင် စာရင်းရေးသွင်းပြုစုရန်၊

(၁၃) မဲရေတွက်ရာတွင် အငြင်းပွားဖွယ်ရှိသော ဆန္ဒမဲ လက်မှတ်အား ခိုင်လုံမဲဖြစ်သည် ပယ်မဲဖြစ် သည်ကို မဲရုံမှူးကဆုံးဖြတ်ရန်၊

(၁၄) ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာတွင် ဆန္ဒမဲ လက်မှတ် တစ်စောင်ချင်းစီအား မဲရုံအဖွဲ့ဝင်များ၊ သက်သေများ၊ မဲရုံကိုယ်စားလှယ်များကို ပြသ၍ ရေတွက်ရမည်။ အောက်ပါဆန္ဒမဲလက်မှတ်များကို ပယ်ရမည် -

(ကက) ကော်မရှင်က အတည်ပြုထားသော အမှတ် အသား မပါသည့် ဆန္ဒမဲလက်မှတ်၊

(ခခ) မဲရုံမှူးလက်မှတ် မပါသည့် ဆန္ဒမဲလက်မှတ်၊ မှတ်ချက်။ မဲရုံမှူးသည် ဆန္ဒမဲ ရေတွက် သည့်အခါမှ ဆန္ဒမဲလက်မှတ် များတွင် မိမိလက်မှတ်မပါကြောင်း

တွေ့ရှိသည့်အခါ မိမိချွတ်ယွင်းမှုကို ဖုံးဖိသည့်အနေဖြင့် ထိုဆန္ဒမဲလက်မှတ်များတွင် မိမိ၏လက်မှတ်ကိုရေးထိုးခြင်းမပြုရ။ ထိုသို့သော ဆန္ဒမဲလက်မှတ်များကို ပယ်ရန်ဖြစ်သည်။

(ဂဂ) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(ဃဃ) ဆန္ဒပြုထားခြင်း မရှိသော ဆန္ဒမဲ လက်မှတ်၊

(ငင) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊

(စစ) ဆန္ဒမဲလက်မှတ်အတု ဖြစ်သည် ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊

(ဆဆ) ဆန္ဒမဲပေးသူကိုသိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(ဇဇ) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

(ဈဈ) ကော်မရှင်က ပယ်မဲအဖြစ် သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များ။

(၁၅) ကြိုတင်ဆန္ဒမဲလက်မှတ်ကို ရေတွက်ရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ် တစ်စောင်ချင်းစီအား မဲရုံအဖွဲ့ဝင်များ၊

သက်သေများ၊ မဲရုံကိုယ်စားလှယ်များကို ပြသ၍ ရေတွက်ရမည်။ အောက်ပါ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပယ်ရမည် -

(ကက) ကော်မရှင်က အတည်ပြု ထားသော အမှတ်အသားမပါသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(ခခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ် မပါရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(ဂဂ) တာဝန်ခံထုတ်ပေးသူ၏ အမည်နှင့်လက်မှတ် မပါရှိသည့် ကြိုတင် ဆန္ဒမဲလက်မှတ်၊

(ဃဃ) လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(ငင) ဆန္ဒပြုထားခြင်းမရှိသော ကြိုတင်ဆန္ဒမဲလက်မှတ်၊

(စစ) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ကြိုတင် ဆန္ဒမဲလက်မှတ်၊

(ဆဆ) ကြိုတင်ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် မဲရုံမှူးက ဆုံးဖြတ်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်၊

(ဇဇ) ဆန္ဒမဲပေးသူကိုသိရှိနိုင်အောင်အမှတ်အသား ပြုထားသည့် ကြိုတင်ဆန္ဒမဲ လက်မှတ်၊

(ဈဈ) ဆုတ်ဖြဲထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်။

(ညည) ကော်မရှင်က ပယ်မဲအဖြစ် သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များ။

(၁၆) ဆန္ဒမဲလက်မှတ်များကို ရေတွက်ပြီးသည့်အခါ ပုံစံ (၁၆)၊ပုံစံ (၁၆-က) တွင် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့် ဆန္ဒမဲ အရေအတွက်ကို ဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့် လည်းကောင်း လွှတ်တော်အသီးသီးအလိုက် ငါးစောင်စီ ပြုစု၍ ယင်းပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ် များနှင့်အနည်းဆုံးသက်သေ လေးဦးက လက်မှတ် ရေးထိုးပြီး ပုံစံ တစ်စောင်စီကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ လည်းကောင်း၊ ကျန် နှစ်စောင်ကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ လည်းကောင်း ပေးပို့ရမည်။ တစ်စောင်ကို မိမိ၏လက်ဝယ်တွင် ထိန်းသိမ်းထားပြီး ကျန်တစ်စောင်စီကို မဲရုံတွင် ကပ်ထားရန်၊

(၁၇) မဲရုံမှူးကပယ်သည့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ဆန္ဒမဲရေတွက်ရာတွင်ရှိသော သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ သို့မဟုတ် မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအား ကြည့်ရှုရန် အခွင့်အရေးပေးရမည်။ ပယ်မဲ တစ်စောင်ချင်းအလိုက် အမှတ်စဉ် ရေးထိုးထားရမည်။ ထို့ပြင် ပယ်မဲ တစ်စောင်ချင်းစီအလိုက် ပယ်သည့် အကြောင်းကို သတ်မှတ်ထားသည့် ပုံစံ (၁၇)၊ ပုံစံ(၁၇-က)တို့ဖြင့် မှတ်တမ်းတင်၍ မဲရုံမှူးကလက်မှတ်ရေးထိုးထားရန်၊

(၁၈) မဲပုံးထဲမှထုတ်ယူရရှိသော ဆန္ဒမဲ လက်မှတ်များနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံမှ မဲရုံမဖွင့်မီက လက်ခံရရှိထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များအားလုံးကို ရေတွက်ပြီးစီးသည့် အခါ မဲရုံမှူးသည် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင် ဆန္ဒမဲလက်မှတ်များကို အိတ်များတွင်ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ် ရိုက်နှိပ်ရမည်။ ယင်းမဲရုံမှ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအားလည်း ချိပ်

တံဆိပ်ရိုက်နှိပ်ခွင့်ပေးရမည်။ ယင်း အိတ် အသီးသီး ပေါ်တွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း အမည်၊ မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ထင်ရှားစွာ ရေးမှတ်ရန်၊ ပယ်မဲအားလုံးကို အိတ် တစ်အိတ်တွင် ထည့်ကာလုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ်ရိုက်နှိပ်ရန်၊ ယင်းအိတ်အား မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူ ကိုယ်စားလှယ်များကိုလည်းချိပ်တံဆိပ်ရိုက်နှိပ်ခွင့်ပေး ရန်၊ ယင်းအိတ်ပေါ်တွင် မဲဆန္ဒနယ်အမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည် နှင့်မဲရုံအမှတ်တို့ကို ထင်ရှားစွာရေးမှတ်ရန်၊ ထို့နောက် အထက်ဖော်ပြပါ အိတ်များအားလုံးကို အထုပ်တစ်ထုပ် ပြုလုပ်ရန်၊

(၁၉) မဲရုံပိတ်ချိန်တွင်မဲရုံမှူးသည် အောက်ပါတို့ကို တစ်ထုပ်စီ ထုပ်ပြီးလျှင် မိမိ၏ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ အထုပ် အတွင်းရှိပစ္စည်းအမျိုးအမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကိုရေးသားရမည်။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များ အားလည်း မိမိတို့၏ ချိပ်တံဆိပ်ကို ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြုပြီး ယင်းအထုပ်များကို အထုပ်ကြီး

တစ်ထုပ် ပြုလုပ်ရန် -

(ကက) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ (၁၆-၁)၊

(ခခ) မဲရုံတွင် အသုံးပြုသော မဲစာရင်း၊

(ဂဂ) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊

(ဃဃ) ပယ်မဲပုံစံ (၁၇)၊ ပုံစံ (၁၇-က) များ။

(၂၀) အထက်အပိုဒ် ၁၈ နှင့် ၁၉ တို့တွင် ဖော်ပြထားသော အထုပ်များကို အိတ်ကြီး တစ်လုံးတွင်ထည့်သွင်းကာ မဲရုံမှူးက ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များ အားလည်း ချိပ်တံဆိပ်ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြု ရမည်။ ထို့နောက် ယင်းအိတ်ကြီးကို ပုံစံ (၁၆)၊ ပုံစံ (၁၆-က) များထည့်ထားသော စာအိတ်နှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရမည်။ ထိုအိတ်ကြီးပေါ်တွင်ပေးပို့သော မဲရုံအမှတ်၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအမည် တို့ကို ဖော်ပြရန်၊

(၂၁) မဲရုံမှူးသည် အထက်အပိုဒ် ၂၀ ပါ ပုံစံ (၁၆)၊ ပုံစံ (၁၆-က) များထည့်ထားသော စာအိတ်နှင့်အိတ်ကြီး တို့ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်းပေးပို့ ရမည်။သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊

လုံခြုံရေးအခြေအနေအရလည်းကောင်း ထိုသို့ပေးပို့ရန် အခြေအနေ မရှိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ထံတွင် အပ်နှံရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် မဲရုံမှူးနှင့်အတူ ယင်းပုံစံ (၁၆)၊ ပုံစံ (၁၆-က)များထည့်ထားသော စာအိတ်နှင့် အိတ်ကြီးတို့ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ဆောလျင်စွာ ပေးပို့ရန်။

(င) အထက်ပါလမ်းညွှန်ချက်များတွင် မပါရှိသည့်ကိစ္စများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြ၍ လမ်းညွှန်မှု တောင်းခံရန်ဖြစ်သည်။

**ဒုတိယမဲရုံမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၆။ ဒုတိယမဲရုံမှူးသည် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များရှိသည် -

(က) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများ မကျင်းပမီ အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ထားရမည် -

(၁) သက်ဆိုင်ရာရွေးကောက်ပွဲများ ကျင်းပမည့် နေ့ရက် မတိုင်မီ မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်း အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ မဲရုံအဖွဲ့ဝင် များနှင့် တွေ့ဆုံညှိနှိုင်းထားရန်၊

(၂)လုပ်ငန်းလမ်းညွှန်၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များပါ သိသင့်သိထိုက်သော အချက်အလက်များကို မဲရုံအဖွဲ့ဝင်များအား ရှင်းပြထားရန်၊

(၃)မိမိတာဝန်ကျမည့် မဲရုံသို့ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများ မကျင်းပမီ သွားရောက်ရာတွင် မည်သည့် အချိန်၊ မည်သည့်နေရာ၌ ကြိုတင် တွေ့ဆုံကြမည်ကို မဲရုံအဖွဲ့ဝင်များအား ညှိနှိုင်းထားရန်။

(ခ) မဲရုံမဖွင့်မီ အောက်ပါအတိုင်း ကြိုတင်ဆောင်ရွက်ထားရမည် -

(၁) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံမှ အောက်ပါပစ္စည်းများကို ထုတ်ယူထားရန် -

(ကက) မိမိ မဲရုံနှင့် သက်ဆိုင်သော မဲစာရင်းများ၊

(ခခ) မဲပုံးများ ၊

(ဂဂ) ဆန္ဒပြုသည့် တံဆိပ်တုံးများ ( ဆန္ဒပြုခန်းအရေအတွက်ရှိသလောက် လုံလောက်အောင် အပိုဆောင်းရယူထားရန် )

(ဃဃ) ဆန္ဒမဲလက်မှတ်များ ရေတွက် စစ်ဆေးခြင်း မှတ်တမ်းပုံစံ(၁၁)၊ မဲစာရင်းများပြင်ဆင်ခြင်းနှင့်

စပ်လျဉ်း၍ ဆောင်ရွက်ချက် အကျဉ်းချုပ်ပုံစံ (၁၂)၊ ကြိုတင်ဆန္ဒမဲပေးသူများပုံစံ (၁၃)၊ ကန့်ကွက်မဲစာရင်းပုံစံ (၁၄)၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း ပုံစံ (၁၆)၊ ပုံစံ (၁၆-က)၊ မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်စာရင်း ပုံစံ (၁၆-၁)၊ ပယ်မဲစာရင်းပုံစံ( ၁၇)၊ ပုံစံ (၁၇-က)နှင့် လုပ်ငန်းလမ်းညွှန် နောက်ဆက်တွဲ ပုံစံ (ခ) (ဂ)(ဃ) ။

(ငင) မင်ခံခွက် ၊

(စစ) ချည်ကြိုး၊

(ဆဆ) ချိပ်တံဆိပ်နှင့်ချိပ်တောင့်၊

(ဇဇ) ဖယောင်းတိုင်၊ မီးခြစ်၊

(ဈဈ) မဲရုံအမှတ်ရေးသားထား သည့် စာတမ်း၊

(ညည) ဘောလ်ပင်များ (အနက်ရောင်နှင့် အပြာရောင် သာ သုံးစွဲရန်)၊

(ဋဋ) ဆန္ဒမဲလက်မှတ်နှင့် အခြား လိုအပ်သော ပစ္စည်းများထည့်ရန် အိတ်များ၊ သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦး လျှင် အိတ်သေး (၂) ခုစီ၊ အပိုဒ် (၅) ၊

အပိုဒ်ခွဲ(ဃ)၊အပိုဒ်ခွဲငယ်(၁၆)အရ ပစ္စည်းများ ထည့်ရန် အိတ်သေး (၄) အိတ်၊ ယင်းပစ္စည်း များအား စုပေါင်းထည့်ရန် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးလျှင် အိတ်ကြီး (၁)အိတ်စီ၊

(ဠဠ) ဆန္ဒမဲလက်မှတ်ဖြတ်ပေးရန်ပေတံ၊

(ဍဍ) ဆန္ဒမဲများရေတွက်ရန်လိုအပ်သော ခွက်များ သို့မဟုတ် တောင်းများ၊

(ဃဃ) မဲပေးပြီးသူတိုင်းကို နောက်တစ်ကြိမ် ဆန္ဒမဲ မပေးနိုင်စေရေးအတွက် သတ်မှတ်ညွှန်ကြား ထားသည့်အတိုင်း မင်တို့၍ အမှတ်အသား ပြုစေရန် လိုအပ်သည့် မင်အိုး သို့မဟုတ် မင်ခွက်များ၊

(ဏဏ) အခြားလိုအပ်သည့် ပစ္စည်းများ။

(၂) ဆန္ဒမဲလက်မှတ်စာအုပ်များ ရရှိပြီးနောက် ဆန္ဒမဲ လက်မှတ်စာအုပ်အလိုက် အတွင်းလက်ခံဖြတ်ပိုင်းရှိ အမှတ်စဉ်များကို စာအုပ် တစ်အုပ်စီအတွက် အစမှ အဆုံးရေးမှတ်ပေးရန်၊(ယင်းအတွင်းလက်ခံဖြတ်ပိုင်းပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ် တို့မှာ အားလုံးတူညီနေ၍ စာအုပ်တစ်အုပ်လျှင် ရွက်ရေ

အမှတ်စဉ် ၁ မှ ၅ အထိ ထိုကွက်လပ်များကို ဖြည့်သွင်းပေးခြင်း အားဖြင့် ကျန်ရှက်ရေအမှတ်စဉ် ၆ မှ ၅၀ အထိ ရေးသွင်းရန် မလိုတော့ပါ။ ထိုအတွင်း လက်ခံဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်၊ မဲစာရင်း အမှတ်စဉ်တို့ကိုသာ ဆန္ဒမဲလက်မှတ် ထုတ်ပေးသူက ရေးသွင်းရခြင်းအားဖြင့် လုပ်ငန်းနှင့် အချိန်ကုန် သက်သာပါမည်။)

(၃) မဲစာရင်း၏စာမျက်နှာ အမှတ်စဉ်နှင့် ရွက်ရေပြည့်စုံ မှန်ကန်မှု ရှိ မရှိ စစ်ဆေးရန်၊

(၄) မဲစာရင်း၏ မဲဆန္ဒရှင်အမှတ်စဉ်များ မှန်ကန်မှု ရှိ မရှိ စစ်ဆေးရန်၊

(၅) မဲရုံအဖွဲ့ဝင်များကို သတ်မှတ်ထားသောနေရာများ၌ နေရာချထားရန်၊

(၆) မဲရုံထဲသို့ ဝင်ခွင့်ရှိသော ပုဂ္ဂိုလ်များအား သတ်မှတ် ထားသည့်အတိုင်း နေရာချထားရန်၊

(၇) မဲပုံးအလွတ်ကို မဲရုံ၌ရှိသော မဲရုံအဖွဲ့ဝင်များနှင့် မဲရုံ ကိုယ်စားလှယ်များအပါအဝင် မဲရုံ၌ရှိသူများအား ပြသပြီး မဲပုံးအား သတ်မှတ်ညွှန်ကြားထားသည့် အတိုင်း လုံခြုံစွာပိတ်၍ မဲရုံအတွင်းသတ်မှတ်ထား သောနေရာ၌ ထားရှိရန်၊

(ဈ) စာမတတ်သော မဲဆန္ဒရှင်များ လက်ဗွေနှိပ်ရန် မင်ခံခွက်နှင့် လက်သုတ်ရန် အဝတ်ထားရှိရန်။

(ဂ) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံဖွင့်လှစ် ထားစဉ် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) မဲရုံ၌ ငြိမ်ဝပ်ပိပြားမှုရှိစေရန် လည်းကောင်း၊ ရွေးကောက်ပွဲကိုတရားမျှတစွာဖြစ်စေရန်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများအား မဲရုံအတွင်းသို့ စည်းကမ်းတကျဝင်ခွင့်ပေးရန် လည်းကောင်း စီမံ ဆောင်ရွက်ရန်၊

(၂) မဲရုံ၌ လာရောက်ဆန္ဒမဲပေးသူသည် ကျန်းမာသန်စွမ်းခြင်း မရှိသောကြောင့် မိမိဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ထည့်နိုင်စွမ်းမရှိလျှင် ကူညီဆောင်ရွက်ပေးရန်၊

(၃) မဲဆန္ဒရှင်တစ်ဦးတစ်ယောက်သည် ဆန္ဒမဲ လက်မှတ်ကို မဲပုံးအတွင်းသို့ထည့်သွင်းခြင်း မပြုဘဲ မဲရုံပြင်ပသို့ ထုတ်ယူသွားကြောင်း တွေ့ရှိလျှင်လည်းကောင်း၊ ဆန္ဒမဲ လက်မှတ်ကို ဆုတ်ဖြဲ၍ မဲပုံးထဲသို့ထည့်ရန် ကြံရွယ်ကြောင်းတွေ့ရှိလျှင် လည်းကောင်း မဲရုံမှူးထံ ချက်ချင်း အကြောင်းကြားရန်၊

(၄) မဲရုံလုံခြုံမှုအတွက် လိုအပ်သလို ကြည့်ရှုစစ်ဆေးရန်။

(ဃ) မဲရုံမှူးမရှိသည့်အချိန်တွင် မဲရုံမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထမ်းဆောင်ရမည်။

**မဲစာရင်းစစ်ဆေးသူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၇။ မဲစာရင်းစစ်ဆေးသူ မဲရုံအဖွဲ့ဝင်သည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မိမိနှင့်သက်ဆိုင်သည့် လွှတ်တော်မဲစာရင်း ဟုတ် မဟုတ် စစ်ဆေးရန်၊

(ခ) မိမိရရှိထားသော မဲစာရင်းပါ စာမျက်နှာ အမှတ်စဉ်နှင့် ရွက်ရေပြည့်စုံမှန်ကန်မှုရှိ မရှိ စစ်ဆေးရန်၊

(ဂ) မိမိရရှိထားသော မဲစာရင်းပါ မဲဆန္ဒရှင် အမှတ်စဉ်များ မှန်ကန်မှုရှိ မရှိစစ်ဆေးရန်၊

(ဃ) ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများ စာရင်းကို မဲစာရင်းများတွင်မှတ်သားပြီး မပြီး စစ်ဆေးရန်၊

(င) ဆန္ဒမဲလာရောက်ပေးသူများကိုလိုအပ်သလို စိစစ်၍ ဆန္ဒမဲပေးခွင့်ပြုပါကမဲစာရင်း ပုံစံ(၁)၊ ပုံစံ(၁-က)ပါသက်ဆိုင်သူ၏ အမည်တည့်တည့် တွင် လက်မှတ်ရေးထိုးစေရန်၊ လက်မှတ် မထိုးတတ် ပါ က လက်ဝဲလက်မ လက်ဗွေနှိပ်စေရန်၊

မှတ်ချက်။ ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးသည် လည်းကောင်း၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့်နိုင်ငံ

ပြင်ပရောက်ရှိနေသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးသည်လည်းကောင်း ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိသက်ဆိုင်ရာ မဲရုံသို့ အချိန်မီ ပြန်လည်ရောက်ရှိလာပြီး သက်ဆိုင်ရာ ဌာနအကြီးအမှူး သို့မဟုတ် တပ်မှူး သို့မဟုတ် သံရုံးအကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးထံမှ ဆန္ဒမဲမပေးရသေးကြောင်း သက်သေခံ လက်မှတ်ကို တင်ပြနိုင်လျှင် မဲရုံမှူးထံတင်ပြ၍မဲရုံမှူး၏ လမ်းညွှန်မှုအတိုင်း ဆက်လက် ဆောင်ရွက်ရန်။

(စ) မဲဆန္ဒရှင် တစ်ဦးသည် ယင်း၏မဲစာရင်းပါ အချက်များနှင့် မကိုက်ညီပါက မဲရုံမှူးထံ ချက်ချင်း တင်ပြရန်၊

(ဆ) မဲဆန္ဒရှင်ကိုယ်စား အခြားသူတစ်ဦးက ဆန္ဒမဲလာရောက်ပေးခြင်းကို လုံးဝ(လုံးဝ) ခွင့်မပြုရန်၊

(ဇ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် လာရောက်တောင်းဆိုကြောင်း စိစစ်တွေ့ရှိလျှင် မဲရုံမှူးထံ ချက်ချင်း တင်ပြရန်၊

(ဈ) ဆန္ဒမဲပေးရန်လာသူတစ်ဦးသည် မဲဆန္ဒရှင် အမှန်မဟုတ်ဟု သံသယရှိလျှင် မဲရုံမှူးထံ ချက်ချင်း တင်ပြရန်၊

(ည) မဲစာရင်းစစ်ဆေးခြင်း လုပ်ငန်းပြီးဆုံးပါက ထုတ်ယူထားသောမဲစာရင်းကို မဲရုံမှူးထံသို့ ပြန်လည်အပ်နှံပြီး မဲရုံမှူးထံတွင်ရှိသည့် နောက်ဆက်တွဲပုံစံ (ခ) ၏ ကျောဘက်တွင် မဲရုံမှူးအားလက်ခံရရှိကြောင်း လက်မှတ်ရေးထိုးစေရန်၊

(ဋ) မိမိတာဝန်ကိုမဲရုံမှူး၏ခွင့်ပြုချက်မရရှိဘဲအခြားမဲရုံအဖွဲ့ဝင်တစ်ဦးဦးအားလွှဲပြောင်း ဆောင်ရွက် ခြင်းမပြုရ။

မှတ်ချက်။ အကယ်၍ ကိုယ်လက်သန့်စင်ရန် ခေတ္တသွားလိုသည့်အခါ ယင်းတာဝန်ကို မဲရုံမှူးမှ တာဝန်ပေးသည့် မဲရုံအဖွဲ့ဝင်က ခေတ္တတာဝန်ယူပေးရန် ဖြစ်သည်။

**ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၈။ ဆန္ဒမဲလက်မှတ် ထုတ်ပေးသူ မဲရုံအဖွဲ့ဝင်သည် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(က) မိမိနှင့်သက်ဆိုင်သည့် လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ်စာအုပ် ဟုတ် မဟုတ် စစ်ဆေးရန်၊

(ခ) မိမိရရှိထားသော ဆန္ဒမဲလက်မှတ်စာအုပ်များတွင် ရွက်ရေပြည့်စုံမှန်ကန်မှု ရှိ မရှိ စစ်ဆေးရန်၊

(ဂ) မိမိရရှိထားသော ဆန္ဒမဲလက်မှတ်များတွင် မဲရုံမှူးလက်မှတ်ရေးထိုးထားခြင်း ရှိ မရှိ စစ်ဆေးရန်၊

(ဃ) ဆန္ဒမဲလက်မှတ်ကို ဆန္ဒမဲပေးသူအား ထုတ်မပေးမီ မဲစာရင်းပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ အမည်နှင့် မဲစာရင်း အမှတ်တို့မှန်ကန်ပါက ဆန္ဒမဲလက်မှတ်၏လက်ခံဖြတ်ပိုင်း၌ ရေးသွင်းရမည်။ ထို့နောက် ဆန္ဒမဲလက်မှတ်၏ လက်ခံ ဖြတ်ပိုင်း၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအား လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်းပြုစေပြီးနောက် ဆန္ဒမဲလက်မှတ်ကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား ထုတ်ပေး ရမည်။ ထို့ပြင် မဲစာရင်း၌ စာအုပ်အမှတ်/ မဲလက်မှတ် အမှတ်စဉ်တို့ကိုသာ မှတ်သားထားရန်၊

ဥပမာ။ စာအုပ်အမှတ် ၃ ပါ မဲလက်မှတ် အမှတ်စဉ် ၁၅ ဖြစ်ပါက ၃/၁၅ ဟု မှတ်သားထားရန်၊

(င) စာမတတ်သည့် မဲဆန္ဒရှင်များ ဆန္ဒမဲလက်မှတ်လာရောက် ထုတ်ယူသည့်အခါမဲစာရင်း၌ယင်းကလက်ဗွေနှိပ်ထားသဖြင့် လက်ကို အဝတ်ဖြင့် သုတ်စေရန်၊

(စ) ဆန္ဒမဲလက်မှတ် ထုတ်ပေးသည့်အခါ ဆန္ဒမဲလက်မှတ် အပိုပါ မသွားစေရေး အတွက် အထူး သတိထားထုတ်ပေးရန်၊

(ဆ) မူလကပင် အစွန်းထင်နေသော သို့မဟုတ် စုတ်ပြဲနေသော ဆန္ဒမဲလက်မှတ်များကို ထုတ် မပေးရန်နှင့် တွေ့ရှိပါက မဲရုံမှူးထံ ချက်ချင်း တင်ပြရန်၊

(ဇ) မိမိထုတ်ပေးပြီးသော ဆန္ဒမဲလက်မှတ် အရေအတွက်နှင့် လက်ကျန်ဆန္ဒမဲလက်မှတ် အရေအတွက်တို့ကို ဆန္ဒမဲပေးပြီးသူဦးရေနှင့် အခါအားလျော်စွာတိုက်ဆိုင်စစ်ဆေးရန်၊ အကယ်၍ ကွဲလွဲချက်ရှိပါက မဲရုံမှူးထံ ချက်ချင်း အကြောင်းကြားရန်၊

(ဈ) မဲရုံပိတ်သည့်အခါ မဲစာရင်းနှင့် လက်ကျန် ဆန္ဒမဲလက်မှတ်များကို စိစစ်၍ မဲရုံမှူးထံ အမြန်ပေးအပ်ရန်၊

(ည) ဆန္ဒမဲလက်မှတ်လက်ကျန်ကို မဲရုံမှူးထံမှလက်ခံရရှိထားသည့် နောက်ဆက်တွဲပုံစံ (ဂ) ၏ ကျောဘက်တွင် မဲရုံမှူးအား လက်ခံ ရရှိကြောင်း လက်မှတ်ရေးထိုးစေပြီး မဲရုံမှူး ထံ အပ်နှံရန်၊

(ဋ) မိမိတာဝန်ကိုမဲရုံမှူး၏ ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံအဖွဲ့ဝင် တစ်ဦးဦးအား လွှဲပြောင်းခြင်းမပြုရ။

မှတ်ချက်။ အကယ်၍ ကိုယ်လက် သန့်စင်ရန် ခေတ္တမျှ သွားလိုသည့်အခါ ယင်းတာဝန်ကို မဲရုံမှူးမှ တာဝန်ပေးသည့် မဲရုံအဖွဲ့ဝင်က ခေတ္တတာဝန်ယူပေးရန်ဖြစ်သည်။

**မဲရုံလုံခြုံရေးဆောင်ရွက်သူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၉။ မဲရုံလုံခြုံရေး ဆောင်ရွက်သူ မဲရုံအဖွဲ့ဝင်သည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) မိမိစောင့်ကြပ်ရမည့်မဲပုံးများကို သတ်မှတ်ထားသောနေရာတွင် စနစ်တကျထားရှိခြင်း ရှိ မရှိ စစ်ဆေးကြည့်ရှုရန်၊

(ခ) မဲပုံးများ၌ ဆန္ဒမဲလက်မှတ်ကို လွယ်ကူစွာ ထည့်နိုင်သော အပေါက်ပြုလုပ်ထားခြင်း ရှိ မရှိ စစ်ဆေးရန်၊

(ဂ)မဲဆန္ဒရှင်များ မဲရုံအတွင်းသို့ စည်းကမ်းစနစ်တကျ ဝင်/ထွက်နိုင်ရေးနှင့် သတ်မှတ်ချိန်အတွင်း မဲပေးခြင်း ပြီးစီးနိုင်ရေးအတွက် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ရန်။

(ဃ) မဲရုံသို့လာရောက် ဆန္ဒမဲပေးသူသည်ကျန်းမာသန်စွမ်းခြင်း မရှိသောကြောင့် မိမိဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ထည့်နိုင်စွမ်း မရှိလျှင် ဒုတိယမဲရုံမှူးနှင့်အတူ ထိုသူအားဆန္ဒမဲ ထည့်နိုင်စေရေးအတွက် ကူညီရန်၊

(င) ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံရှိ မဲပုံးကို မတရားသည့်နည်းဖြင့် ယူဆောင်သွားလျှင် သို့မဟုတ် မတော်တဆဖြစ်စေ၊ တမင်ဖြစ်စေ ပြုလုပ်ခြင်းဖြင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်များ ချွတ်ယွင်းပျက်စီးပျောက်ဆုံးလျှင် မဲရုံမှူးအား ချက်ချင်းတင်ပြရန်၊

(စ) မဲဆန္ဒရှင်တိုင်း ဆန္ဒမဲလက်မှတ်ကို သက်ဆိုင်ရာ လွှတ်တော် မဲပုံးထဲသို့ ထည့် မထည့် စောင့်ကြပ်ကြည့်ရှုရန်နှင့် မဲဆန္ဒရှင် တစ်ဦးတစ်ယောက်သည် ဆန္ဒမဲလက်မှတ်ကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်းမပြုဘဲ မဲရုံအပြင်ဘက်သို့ထုတ်ယူသွားကြောင်း တွေ့ရှိလျှင်လည်းကောင်း၊ ဆန္ဒမဲလက်မှတ်ကို ဆုတ်ဖြဲ၍ မဲပုံးထဲသို့ထည့်ရန်ကြံရွယ်ကြောင်းတွေ့ရှိလျှင်လည်းကောင်း မဲရုံမှူးထံ ချက်ချင်းအကြောင်းကြားရန်၊

(ဆ) ဆန္ဒမဲပေးခြင်းကို အနှောင့်အယှက်ပြုရန် မသင်္ကာဖွယ်ရာ တွေ့ရှိပါကမဲရုံမှူးထံတင်ပြရန်၊

(ဇ) မိမိတာဝန်ကို မဲရုံမှူး၏ခွင့်ပြုချက်မရရှိဘဲ အခြားမဲရုံ အဖွဲ့ဝင် တစ်ဦးဦးအား လွှဲပြောင်း ခြင်း မပြုရ၊

မှတ်ချက်။ အကယ်၍ ကိုယ်လက်သန့်စင်ရန် ခေတ္တမျှ သွားလိုသည့်အခါ ယင်းတာဝန်ကို မဲရုံမှူးက တာဝန်ပေးသည့် မဲရုံအဖွဲ့ဝင်က ခေတ္တတာဝန်ယူ ပေးရန်ဖြစ်သည်။

(ဈ) လွတ်လပ်စွာမဲပေးခြင်းကို ထိခိုက်မှုမရှိစေရန် လေ့လာသူအဖွဲ့ များအား စနစ်တကျရှိစေရေး ကြပ်မတ်ရန်၊

(ည) မဲပေးပြီးသူတိုင်း မင်တို့စေရေး ကြပ်မတ်ရန်။

**မဲပေးပြီးကြောင်း မင်တို့မည့် မဲရုံအဖွဲ့ဝင် ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၀။ မဲပေးပြီးကြောင်းမင်တို့မည့် မဲရုံအဖွဲ့ဝင်သည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်သည်-

(က) မဲရုံမဖွင့်မီ မဲရုံမှူးထံမှ မင်တို့ရန်လိုအပ်သည့် မင်အိုး သို့မဟုတ် မင်ခွက် စသည့်ပစ္စည်းများ ထုတ်ယူထားရန်၊

(ခ) ဆန္ဒမဲပေးပြီး ပြန်လည်ထွက်ခွာမည့်သူများအား သက်ဆိုင်ရာ လွှတ်တော်အသီးသီးအတွက် မဲပေးခြင်း ပြီးစီးမှု ရှိ မရှိ စုံစမ်းမေးမြန်းရန်၊

(ဂ) မဲပေးခြင်း ပြီးစီးကြောင်း သိရှိရပါက ထိုသူ၏ လက်ဝဲဘက် လက်သန်း လက်သည်းခွံပေါ်တွင် မင်တို့ပေးရန်။

မှတ်ချက်။ လက်သန်းမရှိပါက လက်ချောင်း တစ်ချောင်းချောင်း၏ လက်သည်းခွံပေါ်တွင် မင်တို့ပေးရန်။

**အထွေထွေ**

၁၁။ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တာဝန်ဝတ္တရားများကို ထမ်းဆောင်သူများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) ရွေးကောက်ပွဲနှင့် သက်ဆိုင်သော စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်းရန်၊

(ခ) လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေး ကြိုးကြပ်ဆောင်ရွက်ရန်၊

(ဂ) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှ တစ်ပါး အခြားကိစ္စများနှင့်စပ်လျဉ်း၍ ပေါက်ကြားခြင်း မရှိစေရန်၊

(ဃ) ရွေးကောက်ပွဲတွင် မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲဆွယ်ခြင်း၊ ဘက်လိုက်ခြင်းမပြုဘဲ တိကျမှန်ကန်စွာ ဆောင်ရွက်ရန်။

၁၂။ တစ်ဦးတစ်ယောက်သောသူသည် မဲရုံတွင် မဖွယ်မရာသောအမှုကို ပြုလျှင် သို့မဟုတ် မဲရုံမှူးက တာဝန်အရ ညွှန်ကြားခြင်းကိုမနာခံလျှင် ယင်းသို့ မဖွယ်မရာပြုသူ သို့မဟုတ် နာခံခြင်းမရှိသူကို မဲရုံမှူး၏ အမိန့်ဖြင့် တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ လုံခြုံရေးတာဝန်ပေးအပ်ထားသူ သို့မဟုတ် မဲရုံအဖွဲ့ဝင် တစ်ဦးဦးက မဲရုံမှ ချက်ချင်းဖယ်ရှားရမည်။

၁၃။ ရွေးကောက်ပွဲဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှု တစ်ခုခုကို တစ်ဦး တစ်ယောက်သောသူက ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ဆဲဖြစ်ကြောင်းတွေ့ရှိလျှင် မဲရုံမှူးသည် ထိုသူကို ဖမ်းဆီးရန် တာဝန်ကျ ရဲတပ်ဖွဲ့ဝင် သို့မဟုတ် အခြားလုံခြုံရေးတာဝန်ရှိသူအား ညွှန်ကြားနိုင်သည်။

၁၄။ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ် တစ်ဦးဦးက

ဖြစ်စေ၊ မဲဆန္ဒနယ်အတွက် တာဝန်ယူဆောင်ရွက်ရသော ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ၊ မဲရုံအဖွဲ့တစ်ခုခုတွင် ပါဝင်သော အဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ သက်သေအထောက်ထားခိုင်လုံစွာဖြင့် ရွေးကောက်ပွဲ မကျင်းပမီသော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပနေစဉ်သော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပသောနေ့မှ ၁၅ ရက်အတွင်းသော်လည်းကောင်း ဥပဒေနှင့်အညီ တိုင်တန်းလျှောက်ထားနိုင်သည်။


၁၅။ မဲစာရင်းစစ်ဆေးသူများ၊ ဆန္ဒမဲလက်မှတ်ထုတ်ပေးသူများနှင့် မဲရုံလုံခြုံရေးဆောင်ရွက်သူများသည် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးတို့က ပေးအပ်သည့် အခြားတာဝန်များကို လည်း ထမ်းဆောင်ရမည်။

၁၆။ မဲရုံမှူးသည် လည်းကောင်း၊ ဒုတိယမဲရုံမှူးသည် လည်းကောင်း၊ မဲရုံအဖွဲ့ဝင် တစ်ဦးဦးသည်လည်းကောင်း မိမိတာဝန်ကျရာမဲရုံသို့ ရောက်ပြီးနောက် မကျန်းမာသောကြောင့်လည်းကောင်း၊ မလွှဲမရှောင်သာသည့် တစ်စုံတစ်ရာသော အကြောင်းကြောင့်လည်းကောင်း မိမိ၏ တာဝန်ကို မထမ်းဆောင်နိုင်လျှင် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ချက်ချင်းတင်ပြရန် ဖြစ်သည်။

နောက်ဆက်တွဲပုံစံ (က)

## ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအပါအဝင်)များအတွက်

## ( မဲရုံနမူနာပုံစံ )




| | | |
|---|---|---|
| က = မဲရုံဝင်ပေါက်ဝ | စ = လွှတ်တော်/လူမျိုးအလိုက်မဲပုံးများ | ဋ = လွှတ်လှယ်/ ရွေးကောက်ပွဲကိုယ်စားလှယ်/မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ်များ၊ |
| ခ = မဲရုံမှူး | ဆ = လျှို့ဝှက်ဆန္ဒပြုခန်းများ | |
| ဂ = ဒုတိယမဲရုံမှူး | ဇ = မဲရုံလုံခြုံရေး | |
| ဃ = လွှတ်တော်/လူမျိုးအလိုက်မဲစာရင်းစစ်ဆေးသူ | ဈ = မင်တို့မည့်မဲရုံအဖွဲ့ဝင် | ဌ = မဲရုံထွက်ပေါက် |
| င = လွှတ်တော်/လူမျိုးအလိုက်မဲလက်မှတ်ထုတ်ပေးသူ | ည = ရပ်/ကျေးကော်ခွဲဝင်များ | |

ရှင်းလင်းချက်။ ၁။ မဲရုံ တစ်ရုံလျှင် မဲဆန္ဒရှင်အများဆုံး (၃၀၀) ဦး မှ (၃၀၀၀) အထိ သတ်မှတ်လျာထားပါသည်။

၂။ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်၏ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့်ရေစာကို(အစိမ်းရောင်) ရိုက်နှိပ်ပြီးမဲပုံးကိုလည်း အစိမ်းရောင်ဖြင့် သတ်မှတ်ပါမည်။

၃။ အမျိုးသားလွှတ်တော် ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့် ရေစာကို (အပြာရောင်)ရိုက်နှိပ်ပြီး မဲပုံးကိုလည်း အပြာရောင်ဖြင့် သတ်မှတ်ပါမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်တံဆိပ်နှင့် ရေစာကို (ခရမ်းရောင်)ရိုက်နှိပ်ပြီး မဲပုံးကိုလည်း ခရမ်းရောင်ဖြင့် သတ်မှတ်ပါမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ) အတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး၏အမည်ကို စာသားဖြင့် ထင်ရှားစွာသတ်မှတ်ဖော်ပြပါမည်။

နောက်ဆက်တွဲပုံစံ (ခ)

## မဲရုံမှူးက မဲစာရင်းများကို မဲစာရင်းစစ်ဆေးသူ မဲရုံအဖွဲ့ဝင်များသို့ ထုတ်ပေးသည့်အခါ အသုံးပြုရန်ပုံစံ

| စဉ် | သက်ဆိုင်ရာလွှတ်တော် | မဲစာရင်းအရေအတွက် | | မဲစာရင်း လက်ခံသူ၏ လက်မှတ် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာသားဖြင့် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | |
| ၄ | သက်ဆိုင်ရာတိုင်းရင်းသား လူမျိုးအတွက်လွှတ်တော် ကိုယ်စားလှယ် | | | |

မဲရုံမှူးလက်မှတ် ---------------------------

မဲရုံအမှတ် ----------------------------------

-------------------- ရပ်ကွက်/ကျေးရွာအုပ်စု

-------------------- မြို့နယ်

# မဲစာရင်းစစ်ဆေးသူမှ မဲရုံမှူးသို့ မဲစာရင်းများကို ပြန်လည်အပ်နှံခြင်း

| စဉ် | သက်ဆိုင်ရာလွှတ်တော် | မဲစာရင်းအရေအတွက် | | မဲစာရင်း အပ်နှံသူ၏ လက်မှတ် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာသားဖြင့် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | |
| ၄ | သက်ဆိုင်ရာတိုင်းရင်းသား လူမျိုးအတွက်လွှတ်တော် ကိုယ်စားလှယ် | | | |

လက်ခံရရှိပါသည်။

မဲရုံမှူးလက်မှတ် ----------------------------

မဲရုံအမှတ် ----------------------------------

-------------------- ရပ်ကွက်/ကျေးရွာအုပ်စု

-------------------- မြို့နယ်

နောက်ဆက်တွဲပုံစံ (ဂ)

## မဲရုံမှူးက ဆန္ဒမဲလက်မှတ်စာအုပ်များကို ဆန္ဒမဲလက်မှတ်ထုတ်ပေးသူ မဲရုံအဖွဲ့ဝင်များသို့ ထုတ်ပေးသည့်အခါ အသုံးပြုရန်ပုံစံ

| စဉ် | သက်ဆိုင်ရာလွှတ်တော် | ဆန္ဒမဲလက်မှတ်စာအုပ်အရေအတွက် | | ဆန္ဒမဲလက်မှတ်စာအုပ်လက်ခံသူ၏လက်မှတ် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာသားဖြင့် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | |
| ၄ | သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော် | | | |

မဲရုံမှူးလက်မှတ် ---------------------------

မဲရုံအမှတ် ----------------------------------

-------------------- ရပ်ကွက်/ကျေးရွာအုပ်စု

-------------------- မြို့နယ်

# ဆန္ဒမဲလက်မှတ်ထုတ်ယူသည့် မဲရုံအဖွဲ့ဝင်များမှ မဲရုံမှူးသို့ ဆန္ဒမဲလက်မှတ်စာအုပ်များကို ပြန်လည်အပ်နှံခြင်းပုံစံ

| စဉ် | သက်ဆိုင်ရာလွှတ်တော် | ဆန္ဒမဲလက်မှတ် စာအုပ်အရေအတွက် | | ဆန္ဒမဲလက်မှတ် စာအုပ်အပ်နှံသူ၏ လက်မှတ် |
|---|---|---|---|---|
| | | ဂဏန်းဖြင့် | စာသားဖြင့် | |
| ၁ | ပြည်သူ့လွှတ်တော် | | | |
| ၂ | အမျိုးသားလွှတ်တော် | | | |
| ၃ | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | | | |
| ၄ | သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော် | | | |

လက်ခံရရှိပါသည်။

မဲရုံမှူးလက်မှတ် ---------------------------

မဲရုံအမှတ် ---------------------------------

-------------------- ရပ်ကွက်/ကျေးရွာအုပ်စု

-------------------- မြို့နယ်

နောက်ဆက်တွဲပုံစံ (ဃ)

# ဖြစ်စဉ်မှတ်တမ်း

------------------------ လွှတ်တော်မဲဆန္ဒနယ်အမှတ် (    )

------------------------ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

------------------------ မြို့နယ်

ရွေးကောက်ပွဲကျင်းပသည့်နေ့ရက် ------------- မဲရုံအမှတ် ---------

| စဉ် | အချိန် | ဖြစ်စဉ်အကျဉ်းချုပ် |
|---|---|---|
| | | |

မှတ်ချက်။ ဖြစ်စဉ်မှတ်တမ်းတွင် ဆောင်ရွက်ချက် တစ်ခုစီအတွက် မှတ်တမ်းတင်ရေးသွင်းပြီးသည့် အခါတိုင်း မဲရုံမှူးနှင့် အတူ လိုက်ပါဆောင်ရွက်သော ပုဂ္ဂိုလ်များက လက်မှတ် ရေးထိုးရန်။

မဲရုံမှူးလက်မှတ် ---------------------

အမည် ------------------------------